# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

**၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၄၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၅၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၄ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၆ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂)ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၂)အရ အခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**အချိန်၊ ၁၀ း၀၇။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့မှာတော့ လွှတ်တော် ကော်မတီ လေးရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နဲ့ ၂၂ ၊ နည်းဥပဒေ ၃၃ နဲ့ ၃၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး၊ ဒီလိုဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီရဲ့

ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဆောင်ရွက်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူဖွဲ့စည်းရမည် ဟု သတ်မှတ်ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၈(က) မှာ " လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြနိုင်သည်" ဟု ပြဋ္ဌာန်းသတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။ ဒီသတ်မှတ်ချက်နဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းသော်လည်းကောင်း၊ လွှတ်တော်ကော်မတီတစ်ရပ်အနေနဲ့ သော်လည်းကောင်း၊ လွှတ်တော်တစ်ခုလုံး အနေနဲ့သော်လည်းကောင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် များရှိကြပါတယ်။ နည်းဥပဒေ ၅၈(က)မှာ ဖော်ပြပါရှိတဲ့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးဆိုတာ အဆိုပါ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်များ အားလုံးနဲ့ သက်ဆိုင်တဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်အခွင့်အရေး ကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း ပြောကြားလိုပါ တယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၆ အရ လွှတ်တော်အခွင့်အရေး ကော်မတီ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုတော့ သက်တမ်းတစ်နှစ် ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်တော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့မှာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရာထူးအလျောက် ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမယ့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာဘဲ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နဲ့အညီ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်ကသတ်မှတ်ပေးရမှာ ဖြစ်တဲ့အတွက်ဆောင်ရွက်

ရမယ့်ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်း တင်ပြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၄ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းမယ့် လွှတ်တော် အခွင့် အရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကော်မတီရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားမှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

### ကော်မတီရဲ့ တာဝန်များမှာ

ကော်မတီသည် -

(က) မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသည့်အချက်များကို အခြေပြု၍ ပြည်သူ့လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်၊ မရောက် စဉ်းစားဆုံးဖြတ်ခြင်း။

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း။

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

( ခ ) အထက် အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

( ဂ ) ပြည်သူ့လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။

သာမန်အားဖြင့် အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

( ခ ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့် ရှိသည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင်ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်း များနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များကတော့ -**

ကော်မတီအစည်းအဝေးများကိုပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည် ။ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍-

(က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင် တစ်ဦးက သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြ ရမည်။

(ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေး ကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စည်းဝေး၍ အစီရင်ခံစာကို သတ်မှတ်သောနေ့တွင် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ပြည်သူ့လွှတ်တော်က အစီရင်ခံစာ တင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် ပြည်သူ့လွှတ်တော်က မိမိထံ အခွင့်အရေး ကိစ္စတစ်ရပ် လွှဲအပ်သောနေ့မှ တစ်လအတွင်း ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

ကော်မတီသည် မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-

(က) လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ပြဿနာပေါ်ပေါက်ပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီ ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရမည်။ ကော်မတီ၏ ရှေ့၌ ထွက်ဆိုသောသက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက် စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် - မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များ ရယူရန် လိုအပ်လျှင် ကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ကို ဖိတ်ကြားတက်ရောက်စေရမည်။ ကော်မတီက တင်ပြသော အစီရင်ခံစာနှင့်စပ်လျဉ်း၍ -

(က) ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမည်။

(ခ) အထက်အပိုဒ်ခွဲ(က)အရ တင်သွင်းသောအဆိုကို ပြည်သူ့လွှတ်တော်က စဉ်းစားဆွေးနွေးပြီးသောအခါ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က လက်ခံ အတည်ပြုရန် အဆိုတင်သွင်းရမည်။

ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည် ။

(ဂ) ကော်မတီဝင် အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ထံ တင်ပြနိုင်ခွင့်ရှိသည် ။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအနေနဲ့ကလည်း**

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်

ဟူ၍ဖော်ပြထားပါကြောင်း ဖတ်ကြားတင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## လွှတ်တော်အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေး ခေတ္တရပ်နားခြင်း

**အချိန်၊ ၁၀း၂၄ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့စပ်လျဉ်းပြီး ရှင်းလင်း တင်ပြပြီးဖြစ်ပါတယ်။ ယခု လွှတ်တော်အခွင့်အရေးကော်မတီမှာ ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများကို ကြေညာပါ့မယ်။

| | | |
|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ်၊ ရာထူးအလျောက် ဥက္ကဋ္ဌတာဝန်ပေးဖို့ ဖြစ်ပါတယ်။ |
| (၂) | ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် |
| (၃) | ဒေါ်မိမြင့်သန်း | ရေး မဲဆန္ဒနယ် |
| (၄) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပ မဲဆန္ဒနယ် |
| (၅) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့ မဲဆန္ဒနယ် |
| (၆) | ဦးအေးဖေ | ကိုကိုးကျွန်း မဲဆန္ဒနယ် |
| (၇) | ဒေါက်တာစိုးရင် | ကမာရွတ် မဲဆန္ဒနယ် |
| (၈) | ဦးလှမြင့်ဦး | ပျဉ်းမနား မဲဆန္ဒနယ် |
| (၉) | ဦးမင်းဆွေ | ဒိုက်ဦး မဲဆန္ဒနယ် |
| (၁၀) | ဦးသိန်းလွင် | ချောက် မဲဆန္ဒနယ် |

(၁၁) ဒေါက်တာစံလှိုင် တောင်ကုတ် မဲဆန္ဒနယ်

(၁၂) ဦးပိုက်ထွေး ကံမ မဲဆန္ဒနယ်

(၁၃) ဦးတင်မောင်ဦး ရွှေပြည်သာ မဲဆန္ဒနယ်

(၁၄) ဦးမြင့်စိုး ပျော်ဘွယ် မဲဆန္ဒနယ်

(၁၅) ဒေါ်နန်းနွံ ရှားတော မဲဆန္ဒနယ်

အမည်စာရင်းမှာ ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အစည်းအဝေး ခေတ္တရပ်နားချိန်မှာ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမဆောင်ရဲ့ ဒုတိယထပ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရဲ့ရုံးမှာ စုစည်းပါမယ်။ ထို့အတူပဲ သက်ဆိုင်ရာ ပါတီအသီးသီးမှ ကိုယ်စားလှယ်နှစ်ဦးစီဟာလည်း အထက်ပါ နေရာမှာ လာရောက်စုရုံးပါမယ်။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀ း၂၆။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်မစတင်မီ လူခေါ်ခေါင်းလောင်းအသံရှည်တီးချိန်မှာ အစည်းအဝေးခန်းမအတွင်း ပြန်လည်နေရာယူကြရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ဖိတ်ကြားထားတဲ့ ကိုယ်စားလှယ်များနဲ့ ပါတီအသီးသီးမှ ကိုယ်စားလှယ်နှစ်ဦးစီဟာ ဖိတ်ကြားထားတဲ့ ဥက္ကဋ္ဌရုံးခန်း နေရာကို စုစည်းကြဖို့ ဖြစ်ပါတယ်ခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမ အတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား ။

**အချိန်၊ ၁၁ း၀၃။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁ း၀၄။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီခင်ဗျား ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ ၃၃ နဲ့ ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅)ဦးထက် မပိုသော လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမယ့် လွှတ်တော်အခွင့်အရေးကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းနဲ့ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော် သို့ တင်ပြပါ့မယ်။

| | | |
|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒဂုံ မဲဆန္ဒနယ် |
| (၂) | ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် |
| (၃) | ဒေါ်မိမြင့်သန်း | ရေး မဲဆန္ဒနယ် |
| (၄) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပ မဲဆန္ဒနယ် |
| (၅) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့ မဲဆန္ဒနယ် |
| (၆) | ဦးအေးဖေ | ကိုကိုးကျွန်း မဲဆန္ဒနယ် |
| (၇) | ဒေါက်တာစိုးရင် | ကမာရွတ် မဲဆန္ဒနယ် |
| (၈) | ဦးလှမြင့်ဦး | ပျဉ်းမနား မဲဆန္ဒနယ် |
| (၉) | ဦးမင်းဆွေ | ဒိုက်ဦး မဲဆန္ဒနယ် |
| (၁၀) | ဦးသိန်းလွင် | ချောက် မဲဆန္ဒနယ် |
| (၁၁) | ဒေါက်တာစံလှိုင် | တောင်ကုတ် မဲဆန္ဒနယ် |
| (၁၂) | ဦးပိုက်ထွေး | ကံမ မဲဆန္ဒနယ် |
| (၁၃) | ဦးတင်မောင်ဦး | ရွှေပြည်သာ မဲဆန္ဒနယ် |
| (၁၄) | ဦးမြင့်စိုး | ပျော်ဘွယ် မဲဆန္ဒနယ် |
| (၁၅) | ဒေါ်နန်းနွံ | ရှားတော မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။ |

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက တာဝန်ယူဆောင်ရွက်ပြီး၊ အတွင်းရေးမှူးအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းကြောင်းကြေညာခြင်း

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေး ကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ နှင့်စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်အခွင့်အရေး ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာက တာဝန်ယူပြီး အတွင်းရေးမှူးအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးနဲ့ အဖွဲ့ဝင်များအဖြစ် -

(၁) ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ

(၂) ဒေါ်မိမြင့်သန်း

(၃) ဒေါက်တာသန်းဝင်း

(၄) ဦးစောသိန်းအောင်

(၅) ဦးအေးဖေ

(၆) ဒေါက်တာစိုးရင်

(၇) ဦးမင်းဆွေ

(၈) ဦးသိန်းလွင်

(၉) ဒေါက်တာစံလှိုင်

(၁၀) ဦးပိုက်ထွေး

(၁၁) ဦးတင်မောင်ဦး

(၁၂) ဦးမြင့်စိုး

(၁၃) ဒေါ်နန်းနွံ

တို့နဲ့ တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် တင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ရပ်နားခြင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း ၁၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးပဉ္စမနေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ (၇)ရက် ၊ တနင်္လာနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးစတုတ္ထနေ့ကို ၁၁း ၁၁ နာရီ အချိန်တွင် ရပ်နားပါသည်။]